လာဘ်လာဘနှင့်စပ်၍ ရဟန်းတော်များ ရှောင်ကြဉ်အပ်သည်များကို ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ကြီး သတိပေးဟောကြားတော်မူခဲ့ပါသည်။



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

နောက်တစ်ခုက ပစ္စည်းလှူရေးနဲ့ပတ်သက်ပြီး မပြောရဘူးတဲ့။ ပစ္စည်းလှူရေး လမ်းကြောင်းပေး မျှော်တွေးပြောဆိုမရှိရာတဲ့။ ဒကာဒကာမတွေ ပစ္စည်းလှူချင်အောင်လို့ လမ်းကြောင်းပေးပြီး ပြောခြင်းမရှိရဘူးတဲ့။ တချို့က ကိုယ့်ဂုဏ်ရည်တွေ ကိုယ်တိုင်ဟောပြီးတော့ ထုတ်ဖော်တာတွေ ရှိတယ်။ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တွေက ထုတ်ဖေါ်ကြော်ငြာတာရှိတယ်။ ဒါတွေက ပစ္စည်းလှူရေးနဲ့ပတ်သက်ပြီးတော့ ပြောတာတွေ။ ဘုန်းကြီးအောင်လို့ နာမည်ကြီးအောင်လို့ ကြော်ကြားအောင်လို့ ဒီလို လုပ်တာတွေ ရှိတာကိုး။ ကိုင်း ရှေ့သွားရအောင်။

ပစ္စည်းလှူရေး လမ်းကြောင်းပေး မျှော်တွေးပြောဆိုမရှိရာ။

ဒကာဒကာမတွေ လှူဒါန်းအောင်လို့ ရည်ရွယ်ပြီးတော့ ပြောပုံဆိုပုံတွေ ဟိုမှာ အများကြီးရှိတယ်။ ရှေးဦးစွာ စာထဲကအတိုင်းပြောမှ။ အရှင်တိဿဆရာတော်ဆိုတာ ဘယ်သူပါလဲဘုရားလို့ မေးလို့ရှိရင် အရှင်တိဿဆိုတာ သူများ မဟုတ်ဘူး၊ ငါပဲပေါ့။ ငါ့ကိုဘယ်သူက ကြည်ညိုတယ်၊ ငါက ဘယ်လိုဘုန်းကြီးတယ်။ ငါက ဘယ်လိုစွမ်းရည်သတ္တိနဲ့ ပြည့်စုံတယ် စသည်ဖြင့် ကိုယ့်ဂုဏ်ရည်တွေကို သူများကို ကြည်ညိုအောင် ပြောတယ်။ နောက်ပြီး ဒကာဒကာမတွေကို မြှောက်ပင့်ပြီးတော့ ပြောတယ်။ စာထဲမှာ ပါတာတော့ လေ့ပိုင်ရှင်ကြီးတို့ အလှူရှင်ကြီး သူဌေးကြီးတို့ ကြီးကြီးနဲ့ခေါ်တာ၊ အဲဒီလိုဂုဏ်နဲ့မြှောက်ပြီးသကာလ ပြောတယ်။ အဲဒါကြောင့် အဲဒီလိုလည်း မြှောက်ပင့်ပြီး မပြောရဘူးတဲ့။

ပြီးတော့ ကိုယ့်ဆီ ဆွဲဆောင်ပြီးတော့လည်း မပြောကောင်းဘူးတဲ့။ သီဟိုဠ်က ဝတ္ထုလေးလည်း ထုတ်ပြတယ်။ သီဟိုဠ်က ဆွမ်းစားဇရပ်မှာ ရဟန်းတစ်ပါးက ကလေးမလေးတစ်ယောက် ခေါ်ပြီးတော့ ရဟန်းတစ်ပါးက မေးတယ်၊ အရှင်ဘုရား ဒါက ဘယ်သူ့သမီးတုံးဘုရားတဲ့။ အခြား ဟုတ်ပါရိုးလား ဒေါ်ဘယ်သူရဲ့သမီးပေါ့။ ဒေါ်ဘယ်သူက ဘုန်းကြီးကို သိပ်ကြည်ညိုတာ၊ ဘုန်းကြီးဆို လှူတာပဲ။ ဘယ်လောက်ကြည်ညိုတုံးဆိုရင် အိမ်များသွားလို့ ဆွမ်းကပ်လို့ရှိရင် သူများလို ထောပတ်တို့ဘာတို့ထည့်ထားလို့ရှိရင် ပန်းကန်သေးသေးလေးနဲ့ မဟုတ်ဘူး၊ တစ်ခါတည်း အိုးပါကို ကပ်လှူတာ။ သူ့သမီးလည်း သူ့အမေလို နေမှာပါပဲ။ အဲဒီလိုအပြောမျိုး မလုပ်ရဘူး။ အဲဒါလည်း လူတွေက သဘောကျတယ်၊ ဒါမျိုးပြောလို့ရှိရင် သိပ်သဘောကျတယ်။

နောက်ပြီးတော့ ကလေးထိန်းများလို ရဟန်းက ဒကာဒကာမတွေရဲ့ သားသမီးတွေ ထိန်းကျောင်းတယ်တဲ့။ အဲဒါကလည်း အရေးကြီးတယ်။ ကလေးငယ်လေးတွေကို ပွတ်လိုက် သတ်လိုက် အချို့က ကလေးငယ်လေးဆို ချီချင်လည်း ချီသွားတာပေါ့လေ။ အဲဒါ ကလေး အဖေအမေတွေက သိပ်သဘောကျတယ်။ တို့ဘုန်းကြီးက တို့သားကို သိပ်ဂရုစိုက်တာပဲ၊ သိပ်ပြီးတော့ ယုယတယ်၊ ပိုပြီးတော့ကြည်ညိုတယ်။

နောက်ပြီးတော့ ခြေသလုံး အစေအခိုင်းခံခြင်းတဲ့။ ဒါတွေကလည်း ဒီထဲအကုန်ပါတယ်။ တနေရာက မှာလိုက်တဲ့ စကား တနေရာသွားပြော၊ အဲဒီလိုလုပ်ငန်းတွေ မလုပ်ရဘူး။ ဒါပေမဲ့လို့ လူတွေက အနိုင်ယူတတ်ကြတယ်။ ဘုရားလက်ထက်တုန်းက ခေါင်းဆောင်ဆရာကြီးတွေပါပဲ။ သူတို့က မသင့်မလျော်တဲ့ အပြုအမူတွေ ပြုကြတယ်၊ ကျောင်းမှာ ပန်းပင်တွေစိုက်၊ အမျိုးသမီးတွေကို ပန်းကုံးတွေပေး ဒီလိုလုပ်ကြတယ် ဆိုတာကိုး။ ဒီပြင် ပေးစရာတွေရှိရင် ပေး၊ ကျွေးစရာတွေရှိရင် ကျွေး၊ ဒီလိုလုပ်ကြတာ။ ရွာထဲမှာ သွားလို့ရှိရင်လည်း သူတို့တစ်ခါတည်း ဟိုလူခေါ်လိုက် ဒီလူခေါ်လိုက် ဟိုလူနှုတ်ဆက် ဒီလူနှုတ်ဆက်ပေါ့လေ။ ရင်းရင်းနှီးနှီးအနေအားဖြင့် ပြုံးပြုံးရွှင်ရွှင်နဲ့ပြောတယ်။ ဘယ်လောက်ထိအောင် လိုက်လျောထားတုန်းဆိုရင် ကချေသည်မတွေတောင်မှ ခေါ်ပြီးတော့ ကခိုင်းတယ်လို့ဆိုတာကိုး။

အဲဒီမှာ ကာသိတိုင်းကနေပြီးတော့ ဝိနည်းသိက္ခာပုဒ်ရှိရှိသေသေနဲ့ ကိုယ်တော်တစ်ပါးက ဘုရားဖူးဖို့ရာ ကြွလာတော့ အဲဒီရွာကြီးထဲ ဆွမ်းခံဝင်သွားတာကိုး။ သင်္ကန်းကို ကောင်းကောင်းမွန်မွန်ရုံပြီးတော့ ကြည်ညိုဖွယ်ရှိတဲ့ ရှေ့သို့သွားခြင်း၊ နောက်သို့ဆုတ်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ သင်္ကန်းသပိတ်ကိုင်ခြင်း၊ ကြည်ညိုဖွယ် ရှိတာပေါ့။ ဣန္ဒြေရတယ်၊ ခေါင်းကလည်း ဟိုလှည့်ဒီလှည့် ဟိုကြည့်ဒီကြည့် မရှိဘူး၊ ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ လေးတောင်ခန့်မှန်းကြည့်ပြီး ဟိုဒီမကြည့်ပဲနဲ့ လမ်းတွေ့တဲ့ လူတွေလည်း မေးမြန်းပြီး မရှိဘူးပေါ့လေ။ ဒီလိုပဲ ဆွမ်းခံသွားတယ်။

အရပ်ထဲက ဒကာဒကာမတွေကပြောကြတယ်။ ဘယ်လိုကိုယ်တော်ကြီးပါလိမ့်၊ မျက်မှောင်ကြီးကလည်း ကုတ်လို့၊ ခေါင်းကြီးကလည်း ငုံ့လို့၊ ဒီလိုကိုယ်တော် ဘယ်သူကနေပြီးတော့ ဆွမ်းလှူလိမ့်မှာတုံး။ တို့ကိုယ်တော်တွေများ သိပ်ကြည်ညိုစရာကောင်းတာ၊ ကြွလာကတည်းက မျက်နှာမော့ပြီးတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ ဘယ်သူတုန်းဟဲ့ ဘယ်သွားမတုံးဟဲ့ သူက စပြီးနှုတ်ဆက်တာတဲ့၊ အဲဒီလိုပြောတယ်။ အဲဒါနဲ့ အဲဒီကိုယ်တော်ဟာ ဒီဇနပုဒ်မှာ ဆွမ်းတစ်ဇွန်းမှ မရဘူးတဲ့။ ကြည်ညိုတတ်တဲ့ ဒကာတစ်ယောက်က ရှိသေးတာကိုး။ အရှင်ဘုရား ဆွမ်းများရရဲ့လားမေးတယ်။ သူက သိလို့မေးတာပါပဲ။ အရှင်ဘုရား ကြွပါဘုရားဆိုပြီး သူ့အိမ်ကိုပင့်တယ်။ ကောင်းကောင်းမွန်မွန် ဆွမ်းကပ်ပြီး အရှင်ဘုရား ဘယ်ကြွမလို့တုံး မေးတယ်။ မြတ်စွာဘုရားသွားဖူးမလို့ပဲဆိုတာသိတော့ ဘုရားသာသနာရေးကိစ္စ မှာလိုက်ပါရစေတဲ့။ ဒီပြင် လောကီကိစ္စတွေ ဆိုလို့ရှိရင်တော့ မှာရင် လက်မခံရဘူး။ သာသနာရေးကိစ္စဆိုတာကတော့ မှာကောင်းပါတယ်၊ ပြောကောင်းပါတယ်။

မြတ်စွာဘုရားထံ လျှောက်ပါဘုရား၊ ဒီဇနပုဒ်မှာ ရှေးက သဒ္ဓါတရား အင်မတန်ကောင်းကြပါတယ်။ ဒကာဒကာမတွေ သဒ္ဓါတရားတွေ အင်မတန်ပြည့်စုံပါတယ်။ အခုတော့ (     )ဆိုတဲ့ ရဟန်းဦးတွေ ဒီရောက်လာပြီး သူတို့လုပ်နေတာတဲ့ တစ်ခါတည်း လူတွေ သဒ္ဓါတရား ပျက်တယ်ဘုရား။ တချို့က သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသည်ဖြင့် ရင်းရင်းနှီးနှီး

ပြုပြီးတော့ ပေါင်းသင်းဆက်ဆံတာကို သဒ္ဓါတရား တိုးတက်စေတယ် ထင်ကြတယ်။ ရဟန်းသံဃာ ကြည်ညိုတယ်ဆိုတာက ရဟန်းသံဃာ၏ သီလအစရှိသော ဂုဏ်တွေကို ကြည်ညိုပြီးသကာလ အရှိအသေပြုတာက သဒ္ဓါတရားပဲ။ နောက် သူက ပေးလို့ကမ်းလို့ ရင်းနှီးလို့ ကြည်ညိုတယ် လှူဒါန်းတယ်ဆိုတာ သဒ္ဓါတရား မဟုတ်ဘူး၊ လူလူချင်း ခင်မင်တာမျိုးပဲ၊ သဒ္ဓါတရား ပျက်သွားပြီ။ နောက် ရဟန်းကောင်းတွေဆိုရင်လည်း မကြည်ညိုတတ်တော့ဘူး။ သဒ္ဓါတရားတွေ ပျက်သွားပြီ။

အဲဒါကြောင့် ဒီမှာ သဒ္ဓါတရားတွေ ပျက်ကုန်တယ်ဘုရားဆိုပြီးတော့ အကျိုးအကြောင်းတွေအကုန်လုံး သူတို့လုပ်ပုံကိုင်ပုံတွေရော သဒ္ဓါတရား ပျက်ပုံတွေရော လျှောက်ပြီးတော့ မှာလိုက်တယ်။ ဒီမှာ ရဟန်းကောင်းများ မြတ်စွာဘုရားထံမှ လွှတ်ပေးတော်မူပါလို့ လျှောက်နိုင်းတယ်။ ရဟန်းက ဟိုရောက်တော့ အကျိုးအကြောင်းတွေ လျှောက်ပါတယ်။ နောက် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ကို စေလွှတ်ပြီးတော့ အဲဒီမှာသာသနာပြုရတယ်။ အဲဒါလိုပဲ အခုခေတ်ကာလလည်း ဒီလိုပဲ ဒကာဒကာမတွေ အလိုက်သင့်အောင် ပေါင်းသင်းနေတဲ့ဘုန်းကြီး တို့ကိုယ်တော် တို့ဘုန်းကြီးဆိုပြီးတော့ သိပ်သဘောကျကြတယ်။ ဝိနည်းသိက္ခာပုဒ်နဲ့ ရှိုရှိုသေသေနေတဲ့ ပုဂ္ဂိုလ်များ သဘောကျချင်မှ ကျတာ။ ဒီကိုယ်တော်ကြီးက ဘယ့်နှယ်ဣန္ဒြေနဲ့ ဘာမှလည်း နှုတ်ဆက်စကား မပြောဘူး။ ကြည်ညိုဖွယ်ဂုဏ်သိက္ခာမရှိဘူးလို့ ထင်တတ်တယ်။

အမှန်စင်စစ်တော့ ရဟန်းတော်တွေကို ကိုးကွယ်ဆည်းကပ်တယ်ဆိုတာ သီလ သမာဓိ ပညာ အကျင့်တွေ ကျင့်တယ်။ သီလအကျင့် ကောင်းကောင်းမှန်မှန်ကျင့်တယ်။ သမာဓိလုပ်ငန်း အားထုတ်တယ်။ ပညာဘာဝနာအလုပ် အားထုတ်တယ်။ အဲဒီလို ရဟန်း ကျင့်ဝတ်တွေ ကျင့်နေတာကို အာရုံပြုပြီးတော့ ကြည်ညိုရတယ်။ အဲဒီလိုဂုဏ်တွေနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို လှူဒါန်းလို့ရှိရင်လည်း အကျိုးကြီးတယ်တဲ့။ ရာဂ ဒေါသ မောဟတွေကင်းအောင် ကျင့်နေတဲ့ပုဂ္ဂိုလ်၊ တစ်စိတ်တစ်ပိုင်းကင်းနေတဲ့ပုဂ္ဂိုလ်၊ အလုံးစုံကင်းနေတဲ့ပုဂ္ဂိုလ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကိုလှူရတာက အကျိုးကြီးတယ်ဆိုတဲ့အကြောင်း မြတ်စွာဘုရားဟောထားတာ ရှိပါတယ်။ အဲဒါက အရေးကြီးပါတယ်။

နောက်တစ်ခုက အရိပ်နိမိတ်လည်းပဲ မပြရဘူးတဲ့။ လှူလိုသည့်စိတ် ဖြစ်ရန်ရိပ် နိမိတ်ပြမှု မရှိရာတဲ့။ ဒကာဒကာမတွေ လှူဒါန်းအောင်လို့ အရိပ်နိမိတ်ပြတယ်ဆိုရင် အကင်းပါးတဲ့ ဒကာဒကာမတွေက လှူဒါန်းတာပေါ့။ အဲဒီလို လှူဒါန်းအောင်လို့ အရိပ်နိမိတ်ပြခြင်းလည်း မလုပ်ရဘူး။ ဒကာဒကာမတွေ နှုတ်ကနေပြီးတောင်းတာ အလှူခံတာ လုံးလုံး မလုပ်ကောင်းတဲ့ ဥစ္စာပဲ။ အကြမ်းဆုံးပဲ။ တစ်ခါက ကျောင်းတိုက်တစ်ခုမှာ ကိုယ်တော်တွေက ကျောင်းဝင်းအဝင်ဝမှာ အိုင်းအိုင်းကြီးတွေ ရေးထားတာ။ အဲဒါတွေ မြင်တော့ ဒကာတွေက သဘောပေါက်တယ်။ ကိုယ်တော်တွေက ဒီလိုမှန့်ကြီးတွေ လုပ်ပြီးတော့ လှူပါဆိုပြီးတော့ ပြောတာပဲ။ အဲဒီလိုဟာမျိုး မလုပ်ရဘူးတဲ့။ ပရိယာယ်နဲ့ပြောတဲ့စကား အရိပ်ပြတာ နိမိတ်

ပြတာတွေ မလုပ်ရဘူး။ ဘုန်းကြီးတို့ကျောင်းမှာ ဆွမ်းကမပြည့်စုံဘူးလို့ ဒီလိုပြောတာတွေ ရှိတယ်။ ဒါတွေက ပရိယာယ် အရိပ်နိမိတ်ပြောတာ၊ အဲဒီလို မပြောရဘူးတဲ့။ ဒီလိုကြောင့် ဖြစ်လာတဲ့ပစ္စည်းတွေ ဆွမ်းတို့ သင်္ကန်းတို့ ရဟန်းတော်တွေ အတွက် မအပ်ဘူး။

အခုခေတ်မှာတော့ ဝိနည်းလည်း အချို့ကမသိ၊ တရားလည်း အချို့က မသိတော့ ကထိန်အခါကျလို့ရှိရင် ကထိန် ခင်းဖို့ရာ ပြောနေတာ ရှိသေးတာကို ကြားရတယ်။ ဟိုကျောင်းက ကထိန်မရသေးဘူး၊ ကထိန်ခင်းလိုက်ပါဦးဆိုပြီး အဲဒီလို ပြောလို့ရှိရင် ကထိန်ကို မဖြစ်တော့ဘူး။ ကထိန်ခင်းဖို့ရာ မတောင်းရဘူး။ ဆွမ်းသင်္ကန်းတို့နဲ့ စပ်ပြီးသကာလ အရိပ်နိမိတ် မပြကောင်းဘူး။ အဲဒီလို အရိပ်နိမိတ်ပြရာမှာ ရဟန်းတပါးရဲ့ဝတ္ထုကို ထုတ်ပြမယ်။ တော်တော် စိတ်ဝင်စားစရာကောင်းတယ်။ အိမ်ကို ဆွမ်းခံထိုင်ခြင်း ဖြည့်ကျင့်ကြွရောက်နေတဲ့ ရဟန်းပါပဲ။ အိမ်ရှင်ဒကာမက ဒီကိုယ်တော်ကို မကြည်ညိုဘူး၊ မကြည်ညို တော့ ဆွမ်းမကပ်ချင်ဘူး။ ဆွမ်းစားချိန်လာတော့ ဆွမ်းကကပ်ရတော့မှ ဒကာမက ဘယ့်နယ်ပြောတုန်းဆိုရင် ဆန်ကလည်း မရှိသေးဘူး၊ ဆန်ထွက်ရှာလိုက်ဦးမှပဲ ဆိုတဲ့အနေနဲ့ အပြင်ထွက်သွားတယ်။ ဒီကိုယ်တော်က ဒီအိမ်မှာ ဝင်နေကျ ထွက်နေကျဆိုတော့ အိမ်ထဲ လျှောက်ကြည့်တယ်။ လျှောက်ကြည့်တော့ တံခါးပေါက်မှာ ထောင်ထားတဲ့ ကြံချောင်းကြီး တွေ့တယ်၊ အိုးထဲမှာလည်း ဆန်တွေတွေ့တယ်။ ပြီးတော့ တင်လဲခေါ်တဲ့ ထန်းလျက်ခဲ တွေလည်း ခြင်းတောင်းတစ်ခုထဲမှာ တွေ့တယ်တဲ့။ တစ်နေရာမှာက ငါးခြောက်ပြားနဲ့ ထောပတ်အိုးလည်း တွေ့တယ်။ တွေ့တော့ ဒီမှာ အသာပြန်ထိုင်တယ်။

ဟို ဒကာမက တော်တော်လေးကြာတော့ ဆန်ကလည်း ရှာလို့မရဘူးဆိုပြီးတော့ ငြီးငြီးပြန်လာတယ်။ အဲဒီတော့ ကိုယ်တော်က ပြောတယ်။ ဒကာမကြီး ဒီနေ့တော့ ဆွမ်းမပြည့်စုံဘူးဆိုတာ စောစောကတည်းက ဘုန်းကြီးနိမိတ် မြင်လာတယ်။ ဘာနိမိတ်များ မြင်လာတုံးဘုရားဆိုတော့ ဟောဒီအိမ်တံခါးထောင့်နားက ကြံချောင်းကြီးလိုပဲ မြွေတွေ့တယ်။ ဒီမြွေကို ခဲနဲ့ပေါက်ဦးမှ ဆိုပြီးတော့ ခဲရှာတဲ့အခါ ဟိုခြင်းထဲထည့်ထားတဲ့ ထန်းလျက်ခဲများလိုပဲ ကျောက်ခဲတွေ့တယ်။ ကျောက်ခဲနဲ့ ပေါက်လိုက်တဲ့အခါ မြွေကြီးကစိတ်ဆိုးလို့ ပါးပြင်းကြီး ထောင်လာတာ ဘာနဲ့တူတုန်းဆို ဟိုခြင်းထောင်းထဲက ငါးခြောက်ပြားကြီးနဲ့တူလိုက်တာတဲ့။ မြွေကြီးရဲ့သွားအစွယ်တွေက ဟိုဆန်အိုးထဲက ဆန်ဖြူလေးတွေလိုပဲ။ မြွေက စိတ်ဆိုးပြီး တံတွေးတွေ ထွက်လာတာကလည်း ဟိုထောပတ်အိုးထဲက ထောပတ်တွေနဲ့ တူတာပဲ ဒကာမကြီးလို့ ရဟန်းကပြောတယ်။ ဒီတော့မှ အိမ်ရှင်ဒကာမကြီးက ဒီကိုယ်တော် ဆန်တွေ ရှိမှန်းသိနေတော့ လှည့်စားလို့မဖြစ်ဘူးဆိုပြီးတော့ ဆွမ်းချက်ပြီးတော့ ကပ်ရတယ်။ အဲဒါဟာ အရိပ်နိမိတ်ပြတာတဲ့။

တကယ်ဝီနည်းလေးစားတဲ့ပုဂ္ဂိုလ်ကျတော့ အရိပ်နိမိတ် ပြရုံသဘောရှိနေတဲ့ ဥစ္စာ ဆိုရင်တောင် မသုံးစွဲချင်ဘူးတဲ့။ အဲဒါတော့ ရှင်သာရိပုတြာဝတ္ထုကို ထုတ်ပြတယ်။ တစ်ခါက ရှင်သာရိပုတြာနဲ့ ရှင်မဟာမောဂ္ဂလာန် ဖလသမာပတ်တွေ ဝင်စားနေလို့တဲ့အတွက် တောကျောင်းတစ်ခုမှာ နေကြတဲ့အခါကာလ ရှင်သာရိပုတြာ လေနာထတယ်တဲ့။ ရှင်မောဂ္ဂလာန်က ရှင်သာရိပုတြာဆီလာတဲ့အခါ လေနာရောဂါ ရေးကဖြစ်ဖူးသလား၊ ဘယ်လိုများ ပျောက်ဖူးတုံးဆိုပြီး လျှောက်တော့ လူဖြစ်စဉ် တုန်းက မိခင်ကြီးက ရေမပါတဲ့ နွားနို့ရာဟုနဲ့ သကြားနဲ့ ရောကျိုပြီးတော့ ပေးတယ်။ အဲဒါ သောက်လိုက်ရင် ပျောက်တာပဲတဲ့။ ဒါနဲ့ ရှင်မောဂ္ဂလာန်က အရှင်ဘုရား တပည့်တော်တို့ ဘုန်းကံရှိရင် မနက်ဖြန်ရချင်ရမှာပေါ့ဆိုပြီး လျှောက်တယ်။ အဲဒါကို သစ်ပင်က ရုက္ခစိုးက ကြားသွားတယ်ဆိုတာကိုး။

ရုက္ခစိုးက ကြားသွားတော့ ရှင်သာရိပုတြာ ကိုးကွယ်နေတဲ့ ဒကာအိမ်သွားပြီးတော့ သားကြီးတစ်ယောက်ကို ဝင်ပူး ပါလေရောတဲ့။ ဝင်ပူးပြီးတော့ မနက်ဖြန်ခါ ရှင်သာရိပုတြာကို နွားနို့ရာဟုဆွမ်း ကပ်လှူရမယ်လို့ပြောတယ်။ အဲဒီမှာ နွားနို့ ရာဟုတွေ အဆင်သင့်ကျိုထား တာကိုး။ ရှင်မဟာမောဂ္ဂလာန်က ဆွမ်းခံအိမ်ရောက်သွားတော့ ဒကာက အဆင်သင့်ပဲ နွားနို့ ရာဟုဆွမ်းကို သပိတ်ထဲလောင်းလှူတော့ ရှင်သာရိပုတြာဆီ သွားပြီးတော့ ကပ်တာကိုး။ ရှင်သာရိပုတြာက ဒီဆွမ်းတွေ ဘယ်လိုဖြစ်လာပါလိမ့်မတုံးဆိုပြီး အဘိညာဏ်နဲ့ ဆင်ခြင်ကြည့်လိုက်တော့ ရုက္ခစိုးနတ်ကနေပြီးတော့ တိုက်တွန်းတာဆို တော့ အစွန်းမလွတ်တဲ့ ဆွမ်းပဲ ဒီရာဟုက မသုံးဆောင်ကောင်းဘူးတဲ့။ အဲဒါ တနေရာသွားပြီးတော့ သွန်ပစ်လိုက်တာပဲ၊ သွန်ပစ်လိုက်တာနဲ့ ရှင်သာရိပုတြာရဲ့လေနာ တစ်ခါတည်း ပျောက်သွားတာပဲတဲ့။

လှူလိုသည့်စိတ် ဖြစ်ရန်ရိပ် နိမိတ်ပြမှု မရှိရာ။

နောက်တစ်ခုက မလှူပဲ မနေနိုင်အောင် ဖိနှိပ်၍လည်း မပြောဆိုရဘူးတဲ့။ တချို့ရဟန်းက မိမိ ဒကာဒကာမတွေ မလှူပဲ မနေနိုင်အောင်လို့ ဖိနှိပ်ပြီးတော့ ပြောတယ်တဲ့။ တစ်ရွာလုံးတစ်နယ်လုံးမှာ ဘုန်းကြီးတွေက ဩဇာကောင်းနေတာကိုး။ ဒကာ ဒကာမတွေ မခံသာအောင်လို့ ဖိနှိပ်ပြီးတော့ ကြမ်းကြမ်းတမ်းတမ်း ပြောတတ်တယ်တဲ့။ အဲဒီတော့ ဒကာ ဒကာမတွေက ကြောက်ကြတယ်။ ဒီကိုယ်တော်ကတော့ သူ မထင်မိရင် ပြောတာပဲ၊ သူမပြောအောင် လှူရတယ် တန်းရတယ် ဂရုစိုက်ရ တယ်၊ ကြည်ညိုလို့တော့ မဟုတ်ဘူးတဲ့။ အဲဒီလိုလည်း ဖိနှိပ်ပြီးတော့ မပြောရဘူးတဲ့။ တစ်ချို့ဒကာတွေ မလှူဒါန်းလို့ရှိရင် ဒီပုဂ္ဂိုလ်တွေက အပေါင်းစားတွေပဲ၊ ရှေး ကောင်းမှုကံရဲ့ အကျိုးကိုသာ ခံစားတာ။ ကောင်းမှုကံတွေ အသစ်မပြုလိုဘူး။ ဒီလို ပြောင်လှောင်ပြီးတော့လည်း ပြောတယ်။

မလှူဘဲရှောင်၊ မဖြစ်အောင်၊ ချုပ်နှောင်ဖိနှိပ် မပြောရာ။

နောက်တစ်ခုက န စ လောဘေန လာဘံ နိဇိဝိသနကော။ လာဘေန- ရပြီးသား လာဘ်၊ လာဘံ- မရသေးသော လာဘ်ကို၊ နစ နိဇိဝိသ နကော- ရှာဖွေတတ်သည်တဲ့။ ရပြီးလာဘ်နှင့် မရသေးသောလာဘ်ကို ရအောင်ရှာတယ်တဲ့။ ရပြီးလာဘ်တွေ ပေးကမ်းပြီးတော့ ဒကာဒကာမတွေ လှူချင်အောင် လုပ်တာပေါ့လေ။

တချို့ ဆွမ်းခံသွားရင်း ရလာတာကို ဟိုကလေးတွေကျွေး ဒီကလေးတွေကျွေး၊ မိမိကို ကြည်ညိုအောင် ခင်မင်အောင် လုပ်ပြီးတော့ ဒီလိုလည်း ပစ္စည်းမရှာရဘူးတဲ့။ ဒါက လည်းပဲ အရပ်တိုင်း အရပ်တိုင်းမှာ သိပ်ပြီးတော့ ထွန်းကားနေပါတယ်။ တချို့အရပ်တွေမှာ ဆို ပေးရတယ်တဲ့။ မပေးရင် ဒီဘုန်းကြီးက နမြောလိုက်တာ တွန့်တိုလိုက်တာ ကဲ့ရဲ့ခံရတယ် တဲ့။ ပေးကမ်းတာ အကြောင်းပြုပြီးတော့ ကြည်ညိုမိပြီး ဆိုလို့ရှိရင် အဲဒါက မစင်ကြယ်တဲ့ ပစ္စည်းတဲ့ မိစ္ဆာဇီဝဖြစ်တယ်တဲ့။

ခုနေခါကာလ ဒီဟာကလည်းပဲ ပြန့်ကျယ်နေပါတယ်။ စီးပွားရှာတဲ့ အလုပ်တွေက အင်မတန်ပေါတာပဲ။ အခုနေ အခါကာလ တချို့တောရွာတွေမှာ မလုပ်သင့် မလုပ်ထိုက်တာတွေ စီးပွားရေးအလုပ်တွေ အရောင်းအဝယ်တွေ လုပ်နေတာ တွေ ရှိတာပဲ။ အတိုးပေးတာတွေလည်းရှိတာပဲ။ တချို့ အသံချဲ့စက်တွေထောင်ပြီး အငှားလိုက်တာရှိတာပဲ။ ကိုယ်တော် တစ်ပါးပြောတာဖြင့် တစ်နေရာမှာ ဘုန်းကြီးတစ်ပါး ကြက်တွေဘဲတွေလည်း မွေးထားတယ် ဆိုတာကိုး။ အသက်မွေးမှု အင်မတန် ကြမ်းပါတယ်။ ကိုင်း ဆိုကြမယ်။

ပေးကာမျှားကာ၊ ပစ္စည်းရှာ၊ မိစ္ဆာသက်မွေး မပြုရာ။